ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်၊ တနင်္ဂနွေနေ့၊ (12-2-2006) (၄၈၉၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် သြဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားစေရန်၊ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် သွေးခွဲသပ်လျှိုနေ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အချိန်နှင့်တစ်ပြေးညီ ရင့်သန်ခိုင်မာအောင် ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်း အနားသို့ ပေးပို့သော သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် အမိပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင် ကြိုင်တို့ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွား တော်မြတ်ကြီးအား ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မ ကုန်းတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်သို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် စုစုပေါင်း ၄၅ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂-၂-၂၀၀၆
(တနင်္ဂနွေနေ့)

ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ ထိန်းသိမ်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် (ယနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးမြတ်သော (၅၉) နှစ်မြောက် ပြည်ထောင်စု နေ့ ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသားမျိုးနွယ်စုများသည် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်လာကြခြင်းဖြစ်သည်။ နိုင်ငံတော်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများသည် နေထိုင်ရာ ဒေသအလိုက် လူမျိုးစု အမည်နှင့် ပြောဆိုသော ဘာသာစကားများ ကွဲပြားမှုရှိသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် သွေးရင်းသားချင်းများသာ ဖြစ်ကြသည်။

ယင်းသို့ နေထိုင်ရာဒေသကွဲပြားကြသော်လည်း သမိုင်းစဉ်တစ်လျှောက် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားသွေးချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စု စိတ်ဓာတ်သည် ထာဝစဉ်ကိန်းအောင်း လျက်ရှိနေသည်။ စည်းလုံးခြင်းနှင့် ညီညွတ်ခြင်း၏ အကျိုးတရား အနှစ်သာရများကို သိရှိလက်ခံကျင့်သုံးလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲဝင်နေဆဲ ကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆို၍ ညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဖော်ထုတ်ပြသနိုင်ခဲ့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် လွတ်လပ်ရေးအတွက် ဆက်လက်၍ ကြိုးပမ်းခဲ့ရာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူ တည်ဆောက်နိုင်ခဲ့သည်။

ထို့ကြောင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားလူမျိုးအားလုံးအတွက် အမွန်အမြတ်ထားရသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် ခမ်းနားထည်ဝါစွာ နှစ်စဉ်ဂုဏ်ပြုကျင်းပလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အတိတ်သမိုင်းသင်ခန်းစာများကိုရယူပြီး အနာဂတ်နိုင်ငံတော် တောက်ပြောင် ဝင့်ကြွားနိုင်စေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ဦးထမ်းပဲ့ထမ်းကြိုးပမ်းတည်ဆောက်လျက်ရှိရာ နိုင်ငံတော်တွင် အဘက်ဘက်က အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံး၌ လယ်ယာကဏ္ဍအကျိုးပြု ဆည်တမံများ၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူပြု တံတားများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာ တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးမှုများသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာ၏ ပြယုဂ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် တစည်းတလုံးတည်း နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုကြီး၏ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ နေအိမ်၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ

ညစာစားပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး မိသားစုအသွင်ဖြင့် ဂုဏ်ပြုညစာကို အတူသုံးဆောင်ကြသည်။

ဂါရဝပြုပေးအပ်

ညစာသုံးဆောင်အပြီးတွင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ဒေသထွက်လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ (၅၉) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မိသားစု ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင် ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအားယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မိသားစုက ၎င်း၏ နေအိမ်၌ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်မိသားစုက ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရန်ကုန်တိုင်း အေးချမ်းသာ ယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း နှင့် မိသားစုက ဂုဏ်ပြုညစာဖြင့်တည်ခင်း ဧည့်ခံစဉ်။

(သတင်းစဉ်)

သစ်အခြေခံ စက်မှုဇုန် သစ်တောဝန်ကြီး စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ၁၀ရက်တွင် ရန်ကုန်တိုင်း ဝါးတရာ သစ်အခြေခံ စက်မှုဇုန်ရှိ သစ်စက်များကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသောသစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက စက်ရုံမှ ထုတ်လုပ်ထားသည့် ဥရောပဈေးကွက်နှင့် ပရိဘောဂပြပွဲများသို့ တင်ပို့ရောင်းချမည့် တန်ဖိုးမြင့် ပရိဘောဂ အချောထည်များကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ပြည်ပတင်ပို့ရန် ထုတ်လုပ်နေသည့် သစ်ခွဲသားများနှင့်ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးသည်။(သတင်းစဉ်)

စိတ်ပညာမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တက္ကသိုလ်အသီးသီးရှိ စိတ်ပညာအဓိကဘာသာရပ်နှင့် အသုံးချစိတ်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။စိတ်ပညာကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ဌေးဌေး ဖုန်း-၅၀၂၈၆၁၊ ဦးအောင်သန်းဦး ဖုန်း-၅၃၇၃၇၅၊ ဦးဝင်းမြင့် ဖုန်း-၅၃၆၄၁၁နှင့် ဦးတင်ကိုကို ဖုန်း-၂၄၈၀၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ယင်းနေ့တွင် လိုင်စင်ဓာတ်ပုံတစ်ပုံစီ ယူလာကြရန် နှိုးဆော်ထားသည်။ (က-ပ)

အင်းစိန်မြို့နယ် ရွာလှလမ်း အနောက်ကြို့ကုန်း ရပ်ကွက်နေ ဦးတင်ဝင်း-ဒေါ်ခင်လေးမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး၊ ပြည်ထောင်စုနယ်မြေ တစ်ရပ်ရပ်ကို ခွဲခြားပိုင်းခြား မရနိုင် ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးအားလုံးကို လွှမ်းခြုံပေးနိုင်မှ ပြီးပြည့်စုံနိုင်

☆ ရှေ့ဖုံးမှ

"ပြည်ထောင်စုနေ့" သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြု စိုးမိုးမှုအောက်မှ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ဆန့်ကျင်ရုန်းထွက်ကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီး အဖြစ် ပြန်လည်မွေးဖွားသန့်စင်ပေးနိုင်ခဲ့သည့် သမိုင်းတန်ဖိုးကြီးမားလှသော နေ့ထူးနေ့မြတ် မင်္ဂလာနေ့ရက်တစ်ရက် ဖြစ်ပါသည်။

ထို့ပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ပေါင်းစည်းညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ဖြင့် ကိုလိုနီနယ်ချဲ့တို့၏ သွေးဆောင်ဖြားယောင်း သပ်လျှိုသွေးခွဲမှုကို အမျိုးသားရေး အသိ၊ အမျိုးသားရေး သတိတို့ဖြင့် ဖယ်ရှားနိုင်ခဲ့ခြင်းကို ဖော်ညွှန်းပြဆိုနေသည့် အမျိုးသားရေး အနှစ်သာရနှင့် ပြည့်စုံလှသော နေ့ရက်တစ်ရက်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ အပြန်အလှန်အမှီသဟဲပြုမှု၊ သည်းခံခွင့်လွှတ်မှု၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း သုခ၊ ဒုက္ခ ဟူသမျှကို မျှဝေခံစားရင်း ပေါင်းစည်းရောယှက် နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦးအစကာလမှသည် ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ဖြစ်တည်လာမည့် နယ်မြေအတွင်း သမိုင်းခေတ်ဦးအစမှ စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် အစုအဖွဲ့အလိုက် ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်ရင်း တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ပွားစည်းလာခဲ့ပြီး **"မြန်မာမိသားစုကြီး"**အဖြစ် ပေါင်းစည်းနေထိုင်လာကြသည့် သမိုင်းအစဉ်အလာကို တိုင်းရင်းသားလူမျိုးတိုင်း သိရှိထိန်းသိမ်းစောင့်ရှောက်ကြရန် လိုပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နယ်မြေဒေသအနှံ့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိသကဲ့သို့ နယ်မြေဒေသအစိတ်အပိုင်း တစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းရောယှက်နေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်း တစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုးဆိုးကျိုးများကို မျှဝေစံစားခံစားခဲ့ကြရသည်သာ ဖြစ်ပါသည်။

ဤသို့အားဖြင့် တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုး သို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြားပိုင်းခြားမရနိုင်ဘဲ ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံးကို လွှမ်းခြုံပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ပြည်ထောင်စုကြီး၏ ထူးခြားသောဝိသေသ ဂုဏ်ရည်တစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်ကို တိုင်းရင်းသားလူမျိုးများအားလုံးက ခံယူထားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်အောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များဖြစ်ပါသည်။

ဤသို့သော အခြေအနေကြောင့် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့လက်ဟောင်း လက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကိုလည်း အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်ပြားမှုသည် နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မျိုးရိုးဂုဏ်ရှိန်ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးကို သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက် စေခဲ့သည်ကို သမိုင်းသင်ခန်းစာအဖြစ် အစဉ်အမှတ်ရနေကြရမည် ဖြစ်ပါသည်။

သူ့ကျွန်ဘဝတွင်လည်း ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာ စိတ်ပိုင်းကာ သွေးခွဲအုပ်ချုပ်ပြီး နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟလာစေရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း သံသယပွား စိတ်ဝမ်းကွဲပြားလာစေရန် ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်ခဲ့ကြပြီး နောင်ခတ်အဆက်ဆက် တိုင်းပြည်အေးချမ်းတည်ငြိမ်မှု မရှိအောင်၊ တိုင်းတစ်ပါးအပေါ် ပြန်လည်မှီခိုလာရအောင် လူမျိုးရေး သွေးခွဲမှုများအပါအဝင် အခက်အခဲ အကျပ်အတည်း ပြဿနာပေါင်းစုံကို ဖန်တီးခဲ့ကြပါသည်။ ထိုအကျိုးဆက်ကြောင့် လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၄၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်း ဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် လူမျိုးရေးသွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေးသတိဖြင့် ရှုမြင်ကြရန် လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည့် သမိုင်းကြောင်း သင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်နှင့်အညီ ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးအတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု အခြေခံကောင်းများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါသည်။

ယင်းအခြေခံကောင်းများကို အရင်းတည်၍ တစ်မျိုးသားလုံး လိုလားတောင့်တအပ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ အဓိကအကျဆုံးနှင့် ပထမဆုံးသောလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်အများစု ပါဝင်ပြီး အောင်အောင်မြင်မြင်ကျင်းပလျက်ရှိနေပြီလည်းဖြစ်ပါသည်။

ထို့ကြောင့်ဗုဒ္ဓစိုရ်တရား၊ လောကပါလတရားတို့ကို အခြေခံလျက် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ နိုင်ငံတော်အတွင်း ဆက်လက်ဖြစ်ထွန်းလာစေရေးကိုလည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်းတူညီမှု၊ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ အစဉ်ထာဝရ ထွန်းကားပြန့်ပွားလာစေရေးကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာခွဲဝေခံစားနိုင်ကြစေရေးကိုလည်းကောင်း အာမခံနိုင်မည့် တိုင်းရင်းသား လူမျိုးများကိုယ်တိုင် ပါဝင်ရေးဆွဲသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာတော့မည့် အလားအလာကောင်းများလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေး အားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက် ထွန်းကားပြန့်ပွားပြီး ရင့်သန်ခိုင်မာလာစေရန် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။

အဓိကအားဖြင့် **"ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်"** ဟူသော ခံယူချက်သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်တွင် အစဉ်သဖြင့် ကိန်းအောင်းနေရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူလျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အချိန်နှင့်တစ်ပြေးညီ ရင့်သန်ခိုင်မာနေအောင် အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီးခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များဖြစ်သော-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိ။



ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဥဒုံသနီပြည်နယ်တွင် နိုင်ငံ ၃၁ နိုင်ငံမှ လူ ၄၀၀ တို့ အုပ်စုလိုက် လေထီး ခုန်ဆင်းနေကြသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မွေးမြူရေးလုပ်ငန်း ချဲ့ထွင်ရန် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမည်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၀

ဗီယက်နမ်နိုင်ငံသည် ကြက်ငှက်မွေးမြူရေးလုပ်ငန်း ချဲ့ထွင်လုပ်ကိုင်ရန် ၂၀၀၆-၂၀၁၀ ပြည့်နှစ်ကာလတွင် အမေရိကန်ဒေါ်လာ ၄၂ဒသမသန်း ထပ်မံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း စိုက်ပျိုးရေးအေဂျင်စီ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ ပိုင်အိုးနီးယားသတင်းစာက ဖေဖော်ဝါရီလ ၇ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းကို ကြက်ငှက်မွေးမြူရေးဇုန်တစ်ခုအဖြစ် ကြက်ငှက် မွေးမြူရေးလုပ်ငန်းများနှင့် သားသတ်ရုံလုပ်ငန်းများ တည်ထောင်သွားရန် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ထားကြောင်း၊ ထိုတည်ဆောက်မှုအတွက် ဗီယက်နမ်ဒေါင်ငွေ ၆၇၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၁ သန်း) ကုန်ကျမည်ဟု ခန့်မှန်းကြောင်း တိရစ္ဆာန်မွေးမြူရေးဌာနက ပြောကြားခဲ့သည်။

အသုံးချ

အဆိုပါအစီအစဉ်ဆောင်ရွက်ရာတွင် မျက်မှောက်ကာလ ကျင့်သုံးနေသော အသေးစား မွေးမြူရေးလုပ်ငန်းနှင့် ချောင်းများနှင့် လယ်ကွင်းများတွင် လွတ်ကျောင်း စနစ်ကျင့်သုံးနေသည်ကို ပယ်ဖျက်ပြီးအကြီးစားမွေးမြူရေးလုပ်ငန်း၊ ခေတ်မီသားသတ်ရုံ လုပ်ငန်းများနှင့် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးကုသရေးလုပ်ငန်းတို့ကိုပါ ခေတ်မီနည်းပညာဖြင့် အသုံးချ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါ်လာ ၁ဒသမ ၂ဘီလီယံ

ထိုအစီအစဉ်များ အကောင်အထည်ပေါ်လာပါက ဗီယက်နမ်နိုင်ငံသည် ကြက်ငှက်မွေးမြူရေးကဏ္ဍမှ ၂၀၁၀ ပြည့်နှစ်တွင် ဗီယက်နမ်ဒေါင်ငွေ ၂၀ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ဒသမ ၂ဘီလီယံ)ကျော် ရရှိမည်ဟု အဆိုပါဌာနက ပြောကြားသည်။

များပြားလာ

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၂ ခုနှစ် နှောင်းပိုင်းတွင် ကြက်ငှက်ကောင်ရေ စုစုပေါင်း ၂၅၄သန်း မွေးမြူခဲ့ပြီး နှစ်စဉ် ပျမ်းမျှကောင်ရေ ၆ ဒသမ ၅ ရာခိုင်နှုန်း များပြားလာသည်။ ၂၀၀၃ ခုနှစ် နှောင်းပိုင်းတွင် နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာမှုကြောင့် ကြက်ငှက်သန်းပေါင်းများစွာကို သတ်ဖြတ်ပစ်ခဲ့ရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အင်ဒိုနီးရှား၌ စွမ်းအင်မူဝါဒသစ် ထုတ်ပြန်ကြေညာ ပြည်တွင်းဈေးကွက်သို့ ဓာတ်ငွေ့များပိုမိုဖြန့်ဖြူးရန် ဆောင်ရွက်မည်ဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၁၀

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယူနိုသည် စွမ်းအင်မူဝါဒအသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုမူဝါဒအရ ပြည်တွင်း ဓာတ်ငွေ့သုံးစွဲမှုအတွက် လုံလောက်စွာ ဖြန့်ဖြူးပြီးမှသာ ပြည်ပသို့ တင်ပို့ရောင်းချရန်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာက ဖေဖော်ဝါရီလ ၈ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေနံထွက်ပစ္စည်းတင်သွင်းရမှုကိုလျှော့ချရန်အတွက် အဆိုပါ မူဝါဒသစ်ကို ဦးစားပေးလုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီး မူဝါဒသစ်ကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်ဟု ဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

ပြည်တွင်းဈေးကွက်သို့ ဓာတ်ငွေ့များ ပိုမိုဖြန့်ဖြူးနိုင်ရန် အစိုးရက အခွင့်အလမ်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သယံဇာတဝန်ကြီး ပူနိုမိုယူဂိန်တိုရိုက ပြောကြားသည်။

မူဝါဒသစ်ကြောင့်အာဆီယံနိုင်ငံများနှင့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန် စီစဉ်ထားခြင်းကိုဦးစားပေးလုပ်ငန်းအနေဖြင့် လုပ်ဆောင်နိုင်တော့မည်မဟုတ်ကြောင်း ၎င်းက ပြောဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဓာတ်ငွေ့သိုက်ပမာဏသည် ကုဗပေ၁၈၈၃၄ထရီလီယံရှိသည်။ ထိုပမာဏသည် ကမ္ဘာတွင် ဓာတ်ငွေ့သိုက်အများဆုံး ပမာဏရှိသောသိုက်တစ်ခုပင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် စီးပွားရေး တိုးတက်ကောင်းမွန်သော ဂျပန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည် အမြောက်အမြားရောင်းချသောနိုင်ငံဖြစ်လာသည်။

မျက်မှောက်တွင် အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ်ဓာတ်ငွေ့ ထုတ်လုပ်မှုမှ ၄၄ ရာခိုင်နှုန်းကိုပြည်တွင်း၌သုံးစွဲနေသည်။

ထုတ်ပြန်

ဇီဝဒီဇယ်နှင့် ကျောက်မီးသွေးအရည်တို့ကို စွမ်းအင်အရင်းအမြစ်အဖြစ်ဖွံ့ဖြိုးလာစေရေးအတွက် ကြိုးပမ်းသွားရန် သမ္မတ ယူဒိုယူနိုက ဖေဖော်ဝါရီလ ၇ ရက်တွင် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ၂၀၂၅ ခုနှစ်တွင် စွမ်းအင်ကို ကျောက်မီးသွေးမှ ၃၅ ရာခိုင်နှုန်း၊ ဓာတ်ငွေ့မှ ၃၀ ရာခိုင်နှုန်း၊ ရေနံမှ ၂၀ ရာခိုင်နှုန်းနှင့် အခြားလောင်စာများမှ ၁၅ ရာခိုင်နှုန်း အချိုးအစားများအတိုင်း ထုတ်ယူသုံးစွဲရန် ရည်မှန်းထားသည်ဟု ဒီတီကွမ် သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံတွင် မရိန်းတပ်ဖွဲ့ဝင် သေဆုံးမှု ကြေညာချက် ထုတ်ပြန်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံတွင် ဖြစ်ပွားသည့် မော်တော်ယာဉ် မတော်တဆမှုကြောင့် သေဆုံးခဲ့ရသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်မှာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဂရင်းစီရင်စုမှဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်က ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

မရိန်းတပ်ကြပ် စတီဗင်ဖီးလစ်သည် စပရက်မြို့မှဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

မရိန်းတပ်ဖွဲ့ဝင် ဖီးလစ်သည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ဖီးလစ်သည် မကြာမီ အမေရိကန်နိုင်ငံသို့ ပြန်လာရန် စီစဉ်ထားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုဖြင့်သေဆုံးခဲ့ကြောင်း ၎င်း၏ မိသားစုက ပြောကြားသည်။

ဖီးလစ်သည် ဝေနီဘတ်ဂျ် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၂၀၀၃ခုနှစ်တွင် စစ်မှုထမ်းအဖြစ် မရိန်းတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း မိသားစုက ပြောကြားသည်။

အင်တာနက်။

အီရတ်အနောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲသည့်ဖြစ်ရပ်နှစ်ခု သီးခြားဖြစ်ပွားခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ကာအင်ဒေသအနီးတွင် တိုက်ခိုက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ် ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံး ခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ကြေညာချက်တွင် ဖော်ပြထားသည်။

ဒုတိယဖြစ်ရပ်မှာ မရိန်းတပ်ဖွဲ့ဝင် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ဘက်ဒါဒေသအနီးတွင် လမ်းဘေးဗုံးတက်နင်းမိ၍ ပေါက်ကွဲသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သီးခြားထုတ်ပြန်သည့် အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ပါရှိသည်။

တတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်သည် အမ်ဘာပြည်တွင် တိုက်ခိုက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ် ၎င်းစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့ရသည်ဟု နောက်ထပ် ထုတ်ပြန်သည့် စစ်ဘက်ဆိုင်ရာ ကြေညာချက်အရ သိရှိရသည်။

၎င်းတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုသတင်းကို ၎င်းတို့၏ မိသားစုများထံ အကြောင်းကြားနေဆဲဖြစ်၍ နာမည်ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက် တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါ တပ်ဖွဲ့ဝင်သုံးဦးနှင့်ပါဆိုလျှင် ၂၂၆၀ ဦးရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ၁၅ ဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၀

ဗုံးဖောက်ခွဲသည့် ဖြစ်ရပ်တစ်ခု ပါကစ္စတန်နိုင်ငံ မြောက် ပိုင်းဒေသတွင် ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး လူအများအပြား ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြကြောင်း ရှီးယိုက် ခေါင်းဆောင် တစ်ဦးက ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် လူ ၁၅ ဦးခန့် သေဆုံးခဲ့ကြောင်း၊ အသေခံ ဗုံးဖောက်ခွဲမှုပင်ဖြစ်ကြောင်း၊ ရှီယိုက်ခေါင်းဆောင် ခါရှစ်အန်ဝါ ဂျဝါဒီက အစ္စလမ္မာဘတ်မြို့တော်အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့် အကွာရှိ ဟန်ဂူမြို့တွင် ပြောကြားသည်။

ယင်းသို့ ဗုံးဖောက်ခွဲသည့် လုပ်ရပ်သည် ရန်သူများနှင့် ယုတ်မာသူများ၏ လုပ်ရပ်ဖြစ်ကြောင်း၊ လုံခြုံရေး အစီအစဉ်များ ညံ့ဖျင်းမှုကြောင့် ဖြစ်ရကြောင်း ၎င်းက ဒေသဆိုင်ရာ အာဏာပိုင်များအပေါ် ကျေနပ်မှု မရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နျူကလီးယားစွမ်းအင်ထုတ်လုပ်ရာတွင် သိုရီယမ်သတ္တုကို အိန္ဒိယသုံးစွဲမည်

မနီလာ ဖေဖော်ဝါရီ ၁၀

အိန္ဒိယနိုင်ငံသည် ပြည်ပနိုင်ငံများအပေါ် လောင်စာရရှိရေးအတွက် မှီခိုရမှုမှ ကင်းဝေးစေရန် ပထမဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတွင်း၌ပင် ပေါများစွာတည်ရှိနေသော သိုရီယမ်သတ္တုမှ နျူကလီးယားစွမ်းအင်ထုတ်ယူသုံးစွဲရန် အကြံပြုကြောင်း အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူခါလမ်က ပြောကြားခဲ့သည်။

ယူရေနီယမ် အခြေခံလောင်စာသုံးစွဲခြင်းဖြင့် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရရှိခဲ့သည်။ သို့သော် မိမိတို့နိုင်ငံအတွက် လုံလောက်သော စွမ်းအင်ရရှိရန် နျူကလီးယား စွမ်းအင်ထုတ်လုပ်မှုကို ဆယ်ဆတိုးချဲ့ရန် လိုအပ်ကြောင်း အေရှတစ်ဆိုဆိုင်တီအစည်းအဝေး၌ ခါလမ်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် သိုရီယမ်သတ္တုပေါများစွာ ရှိသည့်အတွက် ထိုသတ္တုကို အသုံးပြု၍ နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အဆိုပါလုပ်ငန်းရပ် အောင်မြင်ပါက အိန္ဒိယနိုင်ငံသည် စွမ်းအင်မှီခိုမှုကင်းသော နိုင်ငံဖြစ်လာပြီး ရေနံ၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေး တင်သွင်းရမှုများ ကင်းဝေးမည်ဖြစ်ကြောင်း ခါလမ်ကပြောကြားခဲ့သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ် ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ဖူးမြော် ကန်တော့ကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ အကြဲပေးပုဂ္ဂိုလ် ဦးအုံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒီသေနာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် သီရိမန္တ စံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရေစက်ချမင်္ဂလာ အခမ်းအနားအပြီးတွင် ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား နိုင်ငံတော် အေးချမ်းသာယာရေး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

✻ စာမျက်နှာ ၅ မှ

နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဦးဆောင်၍ ဆွမ်း၊ ဘောဇဉ်ချိုချဉ် ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။

ထိုအချိန်တွင် သီရိခေမာဝတ်အသင်း မင်္ဂလာစည်တော်အဖွဲ့က ဓမ္မပူဇာ တေးများဖြင့် သီဆိုပူဇော်ကြသည်။

လောင်းလှူ

အလားတူ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၊ တောင်ဘက်စောင်းတန်းထိပ် ရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်းတစ်လျှောက်တို့၌ ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ရုံး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက သံဃာတော် အရှင်သူမြတ်များအား ငွေကျပ် ၁၆၅ သိန်းကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အရိယာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော်လောင်းလှူစဉ်။ (သတင်းစဉ်)

ကောက်လျင်လမ်း သီတဂူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ သီတဂူဆရာတော် “အရှင်ဉာဏိဿရ” (D.Litt) (Ph.D)သည် ဖေဖော်ဝါရီ ၁၆ရက် ညတွင် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျင်လမ်း သီတဂူဓမ္မပလ္လင်၌ တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားထား သည်။ (က-ပ)

မြို့ပြအင်ဂျင်နီယာအာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ၁၉၈၀-၈၄ ကျောင်းသားများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဧပြီ ၃၀ရက်တွင် ကျင်းပမည်ဖြစ်ရာ မည်သည့်နှစ်တွင် တက္ကသိုလ်သို့ရောက်ရှိစေကာမူ၊ ၁၉၈၄ခုနှစ်တွင် ဘွဲ့ရသူများ၊ မည်သည့်နှစ်တွင် ဘွဲ့ရစေကာမူ၊ ၁၉၈၀ပြည့်နှစ်တွင် တက္ကသိုလ်သို့ ရောက်ရှိခဲ့သူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် ဦးစိုးတင့် ၀၉-၅၁၁၆၇၃၆၊ ဒေါက်တာဇော်လွင်ထွန်း ၅၆၂၀၅၄၊ ဗိုလ်မှူးမင်းဇော် ၀၉-၅၀၁၉၅၇၁၊ ဒေါ်လှလှသွယ် ၀၉-၅၁၂၇၈၇၆၊ ဒေါ်ဝင်းမြ ၇၀၀၃၀၃၊ ဒေါ်အေးမိစံ ၃၈၅၈၅၉၊ ဦးအောင်ဝင်း ၀၉-၅၀၀၈၇၅၂၊ ဦးအောင်ဆန်းဝင်း ၀၉-၅၀၀၁၇၈၀၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်ဒေးမျှော်စေတီ ရွှေထီးတော်တင်လှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ရတနာကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးကုဏ္ဍလ အမှူးထား၍ မင်္ဂလာခါတ်ပေါ် ကျိုက်ဒေးမျှော်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (က-ပ)

ကိုးပါးသီလခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့ လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဆွမ်းသပိတ်တော်လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော်လောင်းလှူစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် သီရိမင်္ဂလာ စံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



ဦးမြင့်ဦး-ဒေါ်မြိုင်၊ သမီး သရုပ်ဆောင် သက်မွန်မြင့်တို့က ပြင်သစ်**နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု**မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ငွေကျပ် တစ်သိန်း၊ တောင်တွင်းကြီးမြို့ မင်းဘုံကျော်ဘုရားကြီး မွမ်းမံပြုပြင်ရန်အတွက် ငွေကျပ် ငါးသောင်းနှင့် ရွှေပါရမီဓမ္မစာပေ ပြန့်ပွားရေးအတွက် ကျပ်တစ်သိန်းတို့ကို ဆရာတော် အရှင်**ဆန္ဒာဓိက ရွှေမှော်ကတွင် ဥက္ကဋ္ဌ**ဦးရှိန်ဝင်းထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓ**ပူဇနိယပွဲတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ** ၁၀ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး**ကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အရှေ့**ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၅၀၆)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ထာဝစဉ် ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်

တက္ကသိုလ်တင်ဝ



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ပြည်ထောင်စုဟူသော ဝေါဟာရသည် မြန်မာစာ၊ မြန်မာမှု မြန်မာပြည်သူလူထုအတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းမှတ်တမ်းတင်အပ်သော စကားရပ်ဖြစ်ပေသည်။ သမိုင်းအစဉ်အလာအရလည်း **'မြန်မာ'**နှင့် **'ပြည်ထောင်စု'**သည် ရေကိုသားလျှင် အကြားမထင် သကဲ့သို့ အစဉ်မပြတ် တစ်ဆက်တစ်စပ်တည်း ဖြစ်ပေသည်။

သမိုင်းရှုထောင့်၊ စာပေရှုထောင့်မှ ပြည်ထောင်စု ဝေါဟာရဖြစ်တည်လာပုံကို စေ့စုံစွာ ပြဆိုထားခြင်းမှ သိရသည်မှာ-

ပြည်ထောင်စုဟူသည် ပုဂံခေတ်မှပင် စတင်ခေါ်ဝေါ်ခဲ့သည်။ ခရိုင်၊ တိုက်ဒေသမှ စုစည်းပြီးမှသာ ပြည်၊ နိုင်ငံဖြစ်လာရပြန်သည်။ အနော်ရထာ ခေါင်းဆောင်မှုဖြင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရှမ်း စသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ခြင်းဖြင့်သာ ပြည်ထောင်စုကြီးတစ်ရပ် တည်ဆောက်ခဲ့သည်ဟူသော အဆိုတစ်ရပ်ကို မှတ်ကျောက်တင်နိုင်ပေသည်။

အနော်ရထာမင်း အုတ်မြစ်ချပေးခဲ့သော ပြည်ထောင်စုစိတ်ဓာတ်

အနော်ရထာဟူသည် ပြည်သူတို့နှင့် မဆန့်ကျင်သော သဘောအဓိပ္ပာယ်ရပေသည်။ အရိမဒ္ဒနပူရ ဟူသည်မှာလည်း **'ရန်မျိုးနှိမ်မြို့'** ဟူ၍ အဓိပ္ပာယ်ဖော်ထုတ်ရရှိပေသည်။ အနော်ရထာနှင့် ပုဂံခေတ်ပြည်သူတို့သည် အရိမဒ္ဒနပူရပြည်ကို တည်ထောင်ရာတွင် နောင်အရှည်ခံ့ တည်တံ့အောင် ကြံဆောင်ကြိုးပမ်းခဲ့ကြပေသည်။

ထို့မျှမက အနော်ရထာမင်းသည် မင်းနှင့်ပြည်သူ ဝန်ထမ်းအပေါင်း အပြန်အလှန် သစ္စာခံကြရန် ရည်သန်၍ ကတိသစ္စာပြုပွဲတစ်ရပ်ကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပေသည်။ ထိုသို့ သစ္စာပြုရာတွင် အဓိကပါဝင်သောအချက်မှာ သူတစ်ပါး တိုင်းတစ်ပါး နိုင်ငံခြားစကားကို နားထောင်နားယောင်မိပြီး မိမိကိုယ်တိုင်နှင့် ပြည်သူအချင်းချင်းကို ထိပါးဖျက်ဆီးခြင်း အလျှင်းမပြုပါဟူ၍ ဖော်ပြထားပေသည်။

ပုဂံအနော်ရထာသည် ပြည်သူနှင့်မဆန့်ကျင်သော၊ တိုင်းရင်းသား ပြည်သူအချင်းချင်း သစ္စာရှိအပ်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေတည်ပေးခဲ့ပေသည်။

တောင်ငူခေတ် ပြည်ထောင်စုစိတ်ဓာတ်

တောင်ငူခေတ် ဘုရင့်နောင်လက်ထက်တွင်လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို တပင်ရွှေထီးကဲ့သို့ပင် စဉ်ဆက်မပြတ်လိုက်နာကျင့်သုံးပေသည်။ တိုက်ခိုက်အောင်မြင်ခဲ့ပြီးသော နယ်ပယ်ခေါင်းဆောင်များကို သစ္စာခံစေ၍ အဆောင်အယောင်ရာထူးဆက်လက် ချီးမြှင့်မြှောက်စားသည်။ တိုင်းရေး၊ ပြည်ရေး၊ စစ်မက်ရေးတို့ မွန်၊ ဗမာ၊ ရှမ်း မှူးမတ်တို့ကို ခေါ်ယူတိုင်ပင် ညှိနှိုင်းဆောင်ရွက်ခဲ့ပေသည်။ ဘုရင့်နောင်နှင့် သားတော်နန္ဒဘုရင်တို့သည် မိမိတို့၏ ကျယ်ဝန်းသော နိုင်ငံတော်ကြီးကို ရာမညတိုင်း ဟံသာဝတီပြည်ကြီးဟု ခေါ်ဝေါ် သုံးစွဲစေခဲ့သည်။ ထို့ကြောင့်ပင် ဘုရင့်နောင်လက်ထက် လူမျိုးအချင်းချင်း ရင်းနှီးချစ်ခင်ကြပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာခဲ့ကြောင်းမှာ ကောင်းစွာ သိသာထင်ရှားပေသည်။

ကုန်းဘောင်ခေတ်၏ ပြည်ထောင်စုစိတ်ဓာတ်

တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ဆက်ကို ထူထောင်သူ အလောင်းမင်းတရားသည် ယိုယွင်း နေသော မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းရာတွင် ပြည်တွင်း ပြည်ပရန်များကို ချေမှုန်းရေးအတွက် တိုင်းရင်းသားစည်းလုံးရေးလက်နက် ကို လက်တွေ့ကျကျ အသုံးချခဲ့ပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူပေးခဲ့ခြင်း

အနော်ရထာ စတင်တည် ထောင် ပေးခဲ့သော ပုဂံပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် မြန်မာ နိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် အံ့မခန်းရပ်တည် နိုင်ခဲ့ပေသည်။ တောင်ငူခေတ်မှာ ဘုရင့်နောင်တို့က ဒုတိယမြန်မာနိုင်ငံ တော်ကြီးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြည်ထောင်စုစိတ်ဓာတ် ဖြင့်ပင် တည်ထောင်နိုင်ခဲ့ပေသည်။

ထို့အတူ အလောင်းမင်းတရားဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခြောက်ကျိပ်ရှစ်ယောက် တိုင်းရင်းသားသူရဲကောင်းများ ဖွဲ့စည်းတည်ထောင် အောင်မြင်ခဲ့ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကစ၍ သွေးရင်းသားရင်း တစ်အူ ထုံ့ဆင်း ညီအစ်ကို တိုင်းရင်းသားများဖြစ်ကြသည့်နည်းတူ တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ အတူတကွ ပူးပေါင်း လုပ်ကိုင် နေထိုင်ခဲ့ကြသည်။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက် ၁၀နာရီတွင် တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများတို့သည် ခွင့်တူညီမျှ တလုံးတစည်းတည်း နေထိုင်တော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နယ်ချဲ့ဗြိတိသျှတို့သည် အမျိုးမျိုးအဖုံဖုံ နည်းပေါင်းစုံကိုသုံးကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခဲ့သော်လည်း တိုင်းရင်းသားညီအစ်ကိုများသည် ဥမကွဲ သိုက်မပျက်နေထိုင်ရန် ပူးပေါင်းမိကြလေသည်။ စုပေါင်းရပ်တည်မှု အင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်လည်း ရင့်သန်လာခဲ့ကြပေသည်။

လိုရင်းကိုဆိုရသော် တိုင်းရင်းသားအပေါင်းတို့သည် အရေးကြုံသည့်အခါ သွေးချင်းဆုံ၍ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်သွေးတစ်သား တစည်းတလုံး တညီတညွတ်တည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူတိုက်ပွဲဝင်ခဲ့ကြသောကြောင့် **"မြန်မာ့လွတ်လပ်ရေး"**ကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၇-၄-၁၉၉၉ရက်က ကျင်းပသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားရာ၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်း၍-

> **"ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် အင်အားကြီးသည့် နိုင်ငံကြီးအချို့သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေကြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အား မမေ့လျော့သတိချပ်ရမည့် အချက်တစ်ချက်မှာလိုကြောင်း၊ ၎င်းမှာ မိမိတို့နိုင်ငံအတွက် အင်မတန် အရေးကြီးသည့် ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီး ပေါင်းစပ်ဖွဲ့စည်းထားသည့် နိုင်ငံဆိုတာ ရဲဘော်တို့အားလုံး သိကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့်အခါတွင် နိုင်ငံတော်သည် တိုးတက်ပြီး ကျယ်ပြန့်ကြီးမားခဲ့ကြောင်း၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တွေကို ကြည့်လျှင်သိနိုင်ကြောင်း၊ ထိုခေတ်များတွင် အိမ်နီးချင်းနိုင်ငံများ၏ ချစ်ကြည်လေးစားမှုကို ခံယူနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးသည် နှိုင်းဆမရအောင် ကြီးမားသည်ကို တွေ့ရမှာဖြစ်ကြောင်း"**

ထည့်သွင်းမိန့်ကြားခဲ့ပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းပင်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထား ခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကို စောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှုတည်းဟူသော မျိုးချစ်စိတ်ဓာတ်ပေါ် အခြေခံသည်။ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာထောက်ထားလိုခြင်းနှင့် နားလည်ခွင့်လွှတ် သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သော အခြေခံများ ဖြစ်ကြသည်။ အရေးကြီးဆုံးမှာ ပင်ကိုစိတ်ထားကောင်းရှိခြင်းနှင့် ရိုးသားဖြူစင်ဖြောင့်မတ်ခြင်းတို့ ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားခဲ့သည်။ ပြည်ထောင်စိတ်ဓာတ်၏ စွမ်းဆောင်ချက်ကြောင့် စည်းလုံးညီညွတ်ရေးမှတ်တိုင်ဖြစ်သည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပိုင်ဆိုင်သည့် လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့သည်။ ထိုနေ့တွင်ပင်-

"ဤငါတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်း" ဟူသော မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းကြီးကို ကမ္ဘာသို့ကြေညာနိုင်ခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုစိတ်ဓာတ်၏ စွမ်းပကားကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထူးခြားစွာ ရရှိခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်များသည် ယခုအခါ စည်းလုံးညီညွတ်သော ညီအစ်ကိုများအဖြစ် အမြင်ချင်းတူညီကာ တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို လက်တွဲ ဆောင်ရွက်နေကြပြီ ဖြစ်ပေသည်။

ထိုသို့ လက်တွဲဆောင်ရွက်နိုင်ကြခြင်းသည် **ထာဝစဉ်ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်**၏ ဧကန်အမှန်တရား ထွန်းကားပြန့်ပွားရေးကို ရှေးရှုနေကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းပင်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထား ခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကို စောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှု တည်းဟူသော မျိုးချစ်စိတ်ဓာတ်ပေါ် အခြေခံသည်။

မွန်ပြည်နယ်တွင် ပြည်ထောင်စုကြီး၏ လမ်းတံတားကဏ္ဍ၌ မှတ်တိုင်သစ်ကြီးအဖြစ် ပေါ်ထွန်းလာသော ၁၁၅၇၅ပေ(နှစ်မိုင်ကျော်) ရှည်လျားသည့် ကားရော ရထားပါ ဖြတ်သန်းနိုင်သော သံလွင်တံတား(မော်လမြိုင်)ကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

မွန်ပြည်နယ်

မွန်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အရှေ့တောင်ပိုင်း အတွင်းဘက်တွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၇၄၉ မိုင် ကျယ်ဝန်းသည်။ မွန်၊ ဗမာ တိုင်းရင်းသားများနှင့်အတူ ကချင်၊ ကရင်၊ ချင်း၊ ပအိုဝ်း၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခု အသွင် တည်ရှိနေသည်။ လက်ရှိ လူဦးရေ ၂၈၂၂၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၅၉၆ ဦး ဖြစ်သည်။

တောင်တန်းနှင့် မြေပြန့် ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပေ ၁၅၀၀ အထိ မြင့်သော တောင်တန်းများရှိပြီး စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ် အကြားတွင် ကမ်းရိုးတန်းလွင်ပြင်များလည်းရှိသည်။

ဇင်းကျိုက် တောင်တန်း၊ တောင်ညိုတောင်တန်း စသည်တို့သည် မြောက်မှ တောင်သို့ သွယ်တန်းနေသည်။ စစ်တောင်းမြစ်၊ ဘီးလင်းမြစ်၊ အတ္ထရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်နှင့် ရေးမြစ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

စိုက်ပျိုးမြေ အခြေခံရှိသော မွန်ပြည်နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က စေတနာရှေ့ထား၍ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

ယနေ့ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားညီနောင်များ တက်ညီလက်ညီ ပါဝင်မှုဖြင့် အောင်မြင်မှုများ ရရှိနေသော မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှိုင်းယှဉ်လေ့လာ ကြည့်ရှုနိုင်ရန်အတွက် ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါဇယားတွင် အထင်အရှား တွေ့ရှိရမည် ဖြစ်ပေသည်။

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တည်ဆောက် အကောင်အထည်ဖော်လျက် ရှိသည့် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်းပိုင်းတွင် အဓိကအချက်အချာကျသည့် မော်လမြိုင်မြို့ရှိ မော်လမြိုင်ဘူတာကြီး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
-စိုက်ပျိုးမြေ(ဧက)	၉၆၉၅၁၆	၁၄၀၃၅၂၄	၄၃၄၀၀၈
-ဆည်မြောင်း၊တာတမံ	၇၆	၈၃	၇
-မြစ်ရေတင်လုပ်ငန်း	-	၅	၅
-မိုးစပါးစိုက်(ဧက)	၆၀၆၄၄၂	၈၃၁၀၁၀	၂၂၄၅၆၈
-နွေစပါးစိုက်(ဧက)	-	၃၄၈၅၀	၃၄၈၅၀
-ဆီထွက်သီးနှံစိုက်(ဧက)	၂၅၇၉၉	၂၈၀၀၅	၂၂၀၆
-ငါးမွေးမြူရေးကန်(ဧက)	၂၃၉	၈၁၉	၅၈၀
-ပုစွန်မွေးရေပြင်(ဧက)	-	၈၇၃	၈၇၃
သစ်တောပြုစုပျိုးထောင်မှု			
-ကြိုးဝိုင်းတော(စတုရန်းမိုင်)	၇၃၂	၇၇၉	၄၇
-သဘာဝသစ်တောဇရိယာ (စတုရန်းမိုင်)	၉	၆၉	၆၀
-သစ်တောစိုက်ခင်း(ဧက)	၄၁၀၀	၂၉၂၉၅	၂၅၁၉၅
လမ်းပန်းဆက်သွယ်ရေး			
-ကားလမ်း(မိုင်)	၄၂၄	၄၄၀	၁၆
-ကတ္တရာလမ်း(မိုင်)	၃၅၂	၃၈၆	၃၄
-ကျောက်လမ်း(မိုင်)	၃	၂၁	၁၈
-ရထားလမ်း(မိုင်)	၁၉၅	၂၁၀	၁၅
-သံလမ်း(မိုင်)	၂၅၂	၂၆၈	၁၆
-ဘူတာရုံ	၄၇	၅၅	၈
-ပေ ၁၈၀ အထက်တံတား	၃	၉	၆
-ပေ ၁၈၀ အောက်တံတား	၁၂၇	၁၉၈	၇၁
စက်မှုဖွံ့ဖြိုးမှု			
-စက်မှုဇုန်များ	-	၁	၁
စွမ်းအင်ဖွံ့ဖြိုးမှု			
-သဘာဝဓာတ်ငွေ့(ကမ်းလွန်)	-	၁	၁
-သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (ကုဗပေသန်း)	-	၂၁၁	၂၁၁
လျှပ်စစ်စွမ်းအား			
-ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၃၆	၂၃၈	၂၀၂
ပညာရေး			
အခြေခံပညာအဆင့်			
-မူလတန်းကျောင်း	၁၀၉၇	၁၂၁၈	၁၂၁
-အလယ်တန်းကျောင်း	၆၆	၈၆	၂၀
-အထက်တန်းကျောင်း	၄၂	၈၈	၄၆
-ဆရာ၊ဆရာမဦးရေ	၈၆၁၉	၁၁၄၂၃	၂၈၀၄
-ကျောင်းသားဦးရေ	၂၅၈၈၉၂	၃၄၅၂၄၆	၈၆၃၅၄
အဆင့်မြင့်ပညာအဆင့်			
-အစိုးရကွန်ပျူတာကောလိပ်	-	၁	၁
-အစိုးရနည်းပညာကောလိပ်	-	၁	၁
-အစိုးရစက်မှုလက်မှုသိပ္ပံ	-	၁	၁
ကျန်းမာရေး			
-ဆေးရုံ	၂၀	၂၉	၉
-ကျန်းမာရေးဌာနများ	၇၃	၈၂	၉
-တိုင်းရင်းဆေးရုံ	-	၁	၁
ဆက်သွယ်ရေး			
-စာတိုက်စခန်း	၅၈	၆၄	၆
-ကြေးနန်းရုံး	၁၆	၁၈	၂
-တယ်လီဖုန်းရုံး	၁	၂၉	၂၈
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
-ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၁	၅	၄
-ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	-	၁၁၅၈	၁၁၅၈

ပြည်ထောင်စုနေ့ အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထူးထုတ် ရောင်စုံ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် - တဏှာကိုပယ်ခြင်းသည် ဘုရားဝါဒဖြစ်သော တရားတော်**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - စံပြုထိုက်သူ (အပိုင်း-၂) ဇာတ်သိမ်း**
၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေခြည်ဖြာမှ (အပိုင်း-၁၁)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ **English Premier League ဘောလုံးပွဲအစီအစဉ် - Manchester City Vs Charlton Athletic°°(Live)**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆

အချိန် - နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

● **ကျောဖုံးမှ**

ကြက်ဆူဆီ အသုံးပြု၍ စက်ကိရိယာများ မောင်းနှင်စမ်းသပ်ခြင်း သရုပ်ပြဓာတ်ပုံများ၊ ကြက်ဆူပျိုးပင်ပေါက်များ၊ မျိုးကိုင်းများ၊ ကြက်ဆူသီးအစိမ်း၊ ကြက်ဆူသီးအခြောက်၊ ကြက်ဆူသီးအစေ့၊ ကြက်ဆူသီးအဆန် နမူနာများကို ကြည့်ရှုစစ်ဆေးသည်။ များနှင့် ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့နှင့် အပင်ပေါက် နမူနာများကို ရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ကြက်ဆူပင်စိုက်ခင်းကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရုံးဝင်းအတွင်း၌ ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကြက်ဆူပင် စုစုပေါင်း နှစ်သိန်း ပျိုးထောင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။

မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

စာသင်တိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက်ရှိ နှစ်ထပ်ကျောင်းဆောင်ကြီးသည် ၁၃၀၅ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သည့် ကျောင်းဆောင်ကြီးဖြစ်သည်။

ကျိုင်းတောင်းမြို့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြက်ဆူမျိုးစေ့၊ မျိုးကိုင်း ၁၁၀၀၀၀ ကျော်ကို ပျိုးထောင်စိုက်ပျိုးကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နမ့်စန်မြို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကြက်ဆူဆီဖြင့် မီးဖို၊ မီးအိမ်၊ မီးခွက် အသုံးပြုနိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တာဝန်ရှိသူများက ကြက်ဆူဆီဖြင့်မီးဖို၊ မီးအိမ်၊ မီးခွက်တို့ ထွန်းညှိအသုံးပြုနိုင်မှုများကို ပြသကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်အလိုက် အောင်မြင်စွာ စိုက်ပျိုးနိုင်မှုများ၊ ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ဒေသခံတောင်သူလယ်သမားများ၊ ပြည်သူများ၏ စိတ်ပါဝင်စားမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက် မောင်းနှင် အသုံးပြုနိုင်မှု၊ မီးစက်အင်ဂျင်၌ ကြက်ဆူဆီအသုံးပြု၍ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း အတွင်းရှိ မြေလွတ်မြေလပ်များ၌ စိုက်ပျိုးထားသည့် ကြက်ဆူပင်ပေါက်ပျိုးခင်း၊ ကြက်ဆူမျိုးစေ့ပျိုးခင်း၊ ကြက်ဆူမျိုးကိုင်း ပျိုးခင်းတို့ဖြင့် စုစုပေါင်း ကြက်ဆူပင် ၁၅၄၀၀၀ကျော် ပျိုးထောင်ထားမှုများကိုကြည့်ရှုစစ်ဆေးအားပေးကြသည်။

အောင်မြင်အောင်စိုက်ပျိုး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြက်ဆူမျိုးကိုင်းများကို ပျိုးထောင်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ဇီဝလောင်စာ ရရှိရေးအတွက် ကြက်ဆူပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တပ်မတော်(လေ) မိသားစုများ၏ ကြက်ဆူပင် စိုက်ပျိုးခင်းသို့ရောက်ရှိကြရာ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်းက နမ့်စန်တပ်နယ်ရှိ ၁၈၈ ဒသမ ၅ ဧက၌ ကြက်ဆူပင် ၂၆၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေ တပ်မတော်သားများနှင့် မိသားစုများ၏ ကြက်ဆူပင် စိုက်ပျိုးနေမှုများကိုလည်း ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နမ့်စန်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ပတ်ဝန်းကျင်၌ တပ်မတော်(လေ) မိသားစုများ စိုက်ပျိုးထားသည့် ကြက်ဆူပင်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးကြရာ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ် သူရမြင့်သိန်းနှင့် တာဝန်ရှိသူများက ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ ပျားလိမ္မော်၊ နာနတ် စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ပျိုးထောင်စိုက်ပျိုး

နမ့်စန်လေဆိပ်အနီးရှိ မြေလွတ်မြေလပ်များ၌တပ်မတော်(လေ)မိသားစုများက ကြက်ဆူပင် ၂၄၀၀၀၀ ကို ပျိုးထောင်စိုက်ပျိုးထားကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နမ့်စန်မြို့မှ မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ စီစဉ်ပြသထားသည့် ကြက်ဆူဆီဖြင့် မီးဖို၊ မီးအိမ်၊ မီးခွက် အသုံးပြုနိုင်မှုများ၊ မီးစက်၊ ထော်လာဂျီ စသည်တို့၌ သုံးစွဲနိုင်မှုများကိုလည်းကောင်း၊ လင်းခေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ ကြက်ဆူဆီ သုံးစွဲနိုင်မှု သရုပ်ပြပွဲ၊ ကြက်ဆူပင် စိုက်ပျိုးပွဲ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လင်းခေးခရိုင်မန်နေဂျာ ဦးကျော်စိုးဝင်းက ရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားပြီး အဖွဲ့ဝင်များနှင့်အတူ ကြက်ဆူမျိုးစေ့များကို ပျိုးထောင် စိုက်ပျိုးပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး သိပ္ပံခန်း၌ သိပ္ပံခန်းသုံးပစ္စည်းများ ရရှိထားမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုများကို အားပေးကြသည်။

ဆက်လက်၍ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြရာ ကျောင်းသား၊ ကျောင်းသူများက သင်ယူတတ်မြောက်မှုစွမ်းရည်များကို ပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ သာသနာ့ရက္ခိတ ပရိယတ္တိ စာသင်တိုက်၌ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးသွားသည့် နှစ်ထပ်ကျောင်းဆောင်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသည့် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ ကျိုင်းတောင်းမြို့ရှိ ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက် တံပုံးကျောင်း ဆရာတော် ဘဒ္ဒန္တသောစိဏ္ဏက သမ္မောဒနီယ သာရဏီယကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသော ဆရာတော်ကြီးများအား လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က ရေစက်ချတရားတော်ကို ချီးမြှင့်တော်မူရာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရောက်ရှိစဉ် နှစ်ထပ်ကျောင်းဆောင်ကြီးကို ရေးမူမပျက် ပြန်လည်မွမ်းမံ တည်ဆောက်ရန် မှာကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လွိုင်လင်မြို့နယ် ပင်လုံမြို့သို့ ရောက်ရှိကြပြီး ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူမျိုးစေ့၊ မျိုးကိုင်း ပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြ၍ မျိုးစေ့၊ မျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဆိုင်ရာ မှတ်တမ်းများ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းတို့သည် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် လွိုင်လင်မြို့ရှိ လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့မိမြို့ဖများ၊ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

ဆွမ်းသပိတ်တော် လောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော်လောင်းလှူစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော်လောင်းလှူစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ အမျိုးသားပြတိုက်နှင့် တပ်မတော်စစ်သမိုင်းပြတိုက် လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးစောလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့ကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးတို့က လေ့လာရေး အထိမ်းအမှတ်အလံများကို လဲလှယ်ကြပြီး အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက ပြတိုက်တွင် ပြသထားသည့် သီဟာသနပလ္လင် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် အမျိုးသားပြတိုက်အတွင်းရှိ ရတနာပုံခေတ် ပြခန်း၊ မင်းခမ်းတော် ပစ္စည်းများ ပြခန်း၊ တိုင်းရင်းသား ယဉ်ကျေးမှုပြခန်း စသည့် ပြခန်းများကိုအဖွဲ့များခွဲ၍ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ရွှေတိဂုံ ဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယတပ်မတော် မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက တပ်မတော် စစ်သမိုင်းပြတိုက်အကြောင်းကို ရှင်းလင်းပြောကြားသည်။

လဲလှယ်

ထို့နောက် ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးတို့က လေ့လာရေး အထိမ်းအမှတ်အလံများကို လဲလှယ်ကြပြီး ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အသိဉာဏ်ပေးစိတ်ငြိမ်းအေး (ဓမ္မဒူတ အရှင် ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) အပိုင်း-၁
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
- ၇း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၇း၅၅ မိသားစုတနင်္ဂနွေ(တိုင်းရင်းသားကျေးရွာ)
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၃၀ နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ ဆီးချို၊ သွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်း-၃)
- ၉း၁၅ မိုးလေဝသခန့်မှန်းချက်
- ၉း၂၀ Sunday Talk
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ သာမဏေကျော်စာတော်ပြန်ပွဲ
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၄၅ ပြည်တွင်းထုတ်ကုန်ထုတ်လုပ်စို့ မြန်မာ့ခာတ်ဆားမှုန့်
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၀၀ Myanmar Video Rhythm
- ၁၁း၄၅ တေးဂီတအစီအစဉ်
- ၁၁း၅၀ ကရင်ရိုးရာဝတ်စားဆင်ယင်မှု
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၇း၃၀ ပွဲကြိုသုံးသပ်ချက်
လိုင်း 5-Sports(Live)
၇း၅၅ Sunderland - Tottenham
လိုင်း 5-Sports(Live)
၁၀း၂၅ Man;City - Charlton
လိုင်း 5-Sports(Live)
၁၂း၃၀ Final Score
လိုင်း 5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၈း၃၀ Livorno-Fiorentina
လိုင်း 5-Cartoons (Live)
၂း၀၀ Inter Milan-Juventus
လိုင်း 5-Sports(Live)

ဝိဇ္ဇာတမင်္ဂလာကျင်းပ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်း ပါဠိတက္ကသိုလ် ဇမ္ဗုရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာ သိရီ၏ သက်တော် (၇၀)ပြည့် ဝိဇ္ဇာတမင်္ဂလာဂုဏ်ပူဇာသဘင်နှင့် ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ရက် (တနင်္ဂနွေနေ့) တွင် ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ ဝိဇ္ဇာတမင်္ဂလာပူဇာပွဲတွင် အသံမစဲ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာတော်များအား သင်္ကန်း၊ ဆွမ်း စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော် ဘဒ္ဒန္တစန္ဒာသိရီက ရေစက်ချတရား ချီးမြှင့်ကြောင်း သိရသည်။ (က-ပ)

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အီဂျစ်နိုင်ငံအသင်း အနိုင်ရဗိုလ်စွဲ

ကိုင်ရို ဖေဖော်ဝါရီ ၁၁

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ကို အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုတွင် သောကြာနေ့က ကျင်းပရာ အီဂျစ်အသင်းက အိုင်ဗရီကို့စ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ပုံမှန်ပွဲကစားချိန်နှင့် အချိန်ပိုကစားပြီးသည်အထိ ဂိုးမရှိသရေဖြစ်နေသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကိုရယူရာမှ အီဂျစ်အသင်းက အနိုင်ရရှိခြင်းဖြစ်သည်။

ကိုင်ရို နိုင်ငံတကာ အားကစားပြိုင်ကွင်း၌ ကျင်းပသည့် ဗိုလ်လုပွဲသို့ အီဂျစ်သမ္မတ ဟိုစနီမူဘာရက် အပါအဝင် ပွဲကြည့်ပရိသတ် ၇၄၀၀၀ အားပေးကြည့်ရှုခဲ့ကြသည်။ အိုင်ဗရီကို့စ်အသင်း၏ အသင်းခေါင်းဆောင် ဒိုင်ဒီယာဒရော့ဘာက ဦးစွာ ပယ်နယ်တီကန်သွင်းရာတွင် အီဂျစ်ဂိုးသမား အက်ဆမ်အယ်လ်ဟာဒါရီက ကာကွယ်လိုက်နိုင်သည်။

ဟာဒါရီသည် အိုင်ဗရီကို့စ်အသင်း၏ တတိယမြောက် ပယ်နယ်တီကန်သွင်းချက်ကိုလည်း ကာကွယ်လိုက်နိုင်သဖြင့် ဗိုလ်လုပွဲ၏ ဘောလုံးသူရဲကောင်းတစ်ဦးဖြစ်ခဲ့သည်။

ပွဲချိန် ၇၉ မိနစ်တွင် ဒရော့ဘာက အနီးကပ်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ခြင်းကြောင့် အပိုင်အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ရာ ဘောလုံးပြိုင်ပွဲအပြီးတွင် ၎င်းအား မျက်ရည်ဝဲလျက်သား တွေ့မြင်ခဲ့ကြရသည်။

အီဂျစ်နိုင်ငံသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခြင်းမှာ ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်သည်။ အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲများတွင် အီဂျစ်နိုင်ငံ ဆုဖလားရရှိမှုမှာ ယခုအကြိမ်နှင့်ဆိုလျှင် ပဉ္စမအကြိမ်ဖြစ်ရာ ယင်းမှာ စံချိန်တစ်ရပ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၆) လှိုင်မြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ သူငယ်တန်းမှ ပညာရည်ချွန်ဆုရ မောင်ကောင်းမြတ်ဟိဏ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေအောင် ဆုချီးမြှင့်စဉ်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်သစ်များနှင့် အဖွဲ့ဝင်များအား မြန်မာ့ဂီတလောက အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဂီတလုပ်ငန်းဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ဂီတကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင် ပြည်ပမှဝင်လာသည့် ဂီတယဉ်ကျေးမှုကို မျက်စိစုံမှိတ်လက်ခံ၍ တုပကျင့်သုံးရန်မဟုတ် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်သစ်များနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာ့ဂီတလောကအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဂီတလုပ်ငန်းဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးကို အချိန်ကာလအားဖြင့် အသစ်ပြန်လည်ဖွဲ့စည်းရန် သင့်သည့်အချိန် ရောက်ပြီဖြစ်၍လည်းကောင်း၊ အစည်းအရုံးလုပ်ငန်းများကို စိတ်သစ်လူသစ်အဖွဲ့အစည်းအသစ်က အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်လည်းကောင်း အမှုဆောင်သစ်များဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ယခင်အစည်းအရုံးအဖွဲ့ဝင်ဟောင်းများအနေဖြင့်လည်း တာဝန်ယူစဉ်ကာလအတွင်း အစည်းအရုံးတာဝန်များသာမက အမျိုးသားရေးတာဝန်များကိုပါ တတ်စွမ်းနိုင်သမျှ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့သဖြင့် ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

ယခု တာဝန်ယူဆောင်ရွက်နေသော မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်သစ်များအနေဖြင့် ဂီတလောကနှင့် ဂီတလောကသားများ၏ အကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထမ်းဆောင်ကြရာတွင် အခြေခံအလွှာ အသီးသီးက သူ့တာကိုယ့်တာမခွဲခြားဘဲ စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်အောင် လက်တွဲပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြန်မာ့ဂီတသည် အစဉ်အလာကြီးမား၍ အရည်အသွေးထွန်းပြောင်ခဲ့ပါကြောင်း၊ အစဉ်အလာကြီးမား၊ အရည်အသွေး ထွန်းပြောင်မှုများကို ပြောရမည်ဆိုပါက-

(၁) အမျိုးသားရေး စရိုက်လက္ခဏာနှင့် ကိုယ်ပိုင်ဟန် အပြည့်ရှိခြင်း၊

(၂) အဘက်ဘက်မှ ကြွယ်ဝပြီး အနှစ်သာရပြည့်စုံ၍ အဆင့်အတန်းမြင့်မားခြင်း၊

(၃) သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးတာဝန် ကျေပွန်ခဲ့ခြင်းတို့ဖြစ်ကြောင်း၊

သို့ဖြစ်၍ ထိုသမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ အရာရာသည် အလျင်အမြန် တိုးတက်ပြောင်းလဲလျက်ရှိရာတွင် မြန်မာ့ဂီတ၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ရင်ဆိုင်ရလျက်ရှိကြောင်း။

သို့ပါ၍ မြန်မာ့ဂီတယဉ်ကျေးမှု အမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်ရန် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး အနေဖြင့်လည်း မြန်မာ့ဂီတယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်၊ မြှင့်တင်ရန် တာဝန်ရှိပါကြောင်း၊ တစ်ဖက်ကလည်း မြန်မာ့ဂီတကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သွားရမှာဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် ပြည်ပမှ ဝင်ရောက်လာသည့် ဂီတယဉ်ကျေးမှုများအားလုံးကို မျက်စိစုံမှိတ်လက်ခံ၍ တစ်သဝေမတိမ်းတုပပြောင်းလဲကျင့်သုံးရန်မဟုတ်ဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှု၏ တန်ဖိုးအဆင့်အတန်းကို အခြေခံ၍ ခေတ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများဖြင့် တိုးတက်အောင် ဆန်းသစ်တီထွင်သွားရမည်ဖြစ်ကြောင်း၊ အရိုးပေါ် အရွက်မဖုံးစေရန် အထူးသတိပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရည်ရွယ်ချက်(၅)ရပ်

ထို့ကြောင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ဂီတအနုပညာရှင်များအနေဖြင့် အောက်ပါရည်ရွယ်ချက် (၅)ရပ်ချမှတ်၍ ဆောင်ရွက်သွားသင့်ကြောင်းကို အကြံပြုမှာကြားလိုကြောင်း-

၄င်းအချက်များမှာ-

(၁) မြန်မာ့ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ရန်။

(၂) မြန်မာ့ဂီတ ထုတ်လုပ်မှုခေတ်မီ တိုးတက်အောင် ဦးဆောင်ပံ့ပိုးဆောင်ရွက်သွားရန်။

(၃) ဂီတလောကသားများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးဆောင်ရွက်သွားရန်။

(၄) မြန်မာ့ယဉ်ကျေးမှုနှင့် အညီ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သံစဉ်ဖြင့် မြန်မာ့ဂီတကို တီထွင်ဆန်းသစ်ကြရေး ကြပ်မတ်ဆောင်ရွက်သွားရန်။

(၅) "ဂီတစွမ်းအား ပြည်ထွန်းကား"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းထမ်းဆောင်သွားရန် စသည်တို့ပင်ဖြစ်ကြောင်း။

ဂီတအစည်းအရုံးနှင့် ဂီတလောကသားများ၏ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် မူဘောင်များနှင့်အညီ အဘက်ဘက်မှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး ပလေးဘွိုင်းသန်းနိုင်၊ အမှုဆောင် ဦးကိုကိုလွင်နှင့် နာယကကြီးများဖြစ်သည့် အကော်ဒီယံဦးအုံးကျော်နှင့် ဟသ်ာတဦးမြင့်ငွေတို့က ဂီတအစည်းအရုံးဆိုင်ရာကိစ္စများကို တင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈း၀၀ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၃။ International News.
၈း၄၅ ၄။ Say It In English.
၉း၀၀ ၅။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂း၀၀ ၅။ **ရုပ်မြင်သံကြား ဇာတ်လမ်း "ပိုင်နိုင်ခိုင်မြဲအောင်" (ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ထင်ပေါ်၊မျိုးစန္ဒီကျော်၊ငွေစင်သွန်း၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
၁၂း၄၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၂း၅၅ ၇။ အကပြိုင်ပွဲ
၁း၁၀ ၈။ ပေါင်းစည်းအင်အား ရှေ့ဝတီ မြစ်ကူးတံတားများ
၁း၂၀ ၉။ အဆိုပြိုင်ပွဲ
၁း၃၅ ၁၀။ ကံတင်ဘီးလင်း ရေလှောင်တမံ
၁း၅၀ ၁၁။ အတီးပြိုင်ပွဲ
၂း၁၅ ၁၂။ **"သတိနဲ့ယဉ်အသိနဲ့ပြင်" (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၂း၄၅ ၁၃။ International News.
၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ)
၅း၀၀ ၅။ စိုက်ပျိုး စွမ်းအားပြည်ထွန်းကား
၅း၁၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း-၁၀)**
၇း၃၅ ၁၁။ လောင်စာစွမ်းအင် အသုံးဝင်ခြိစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၇း၄၅ ၁၂။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၂၂)**
၁၇။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

တိုက်ကြီးမြို့နယ် ပရိယတ္တိစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော် သြဝါဒါစရိယ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ တိုက်ကြီးမြို့နယ် ပရိယတ္တိပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဉာဏဝံသ ဦးဆောင်၍ မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ် ပရိယတ္တိပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော တိုက်ကြီးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲကို တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ညတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် မဟာစည်နယ်လှည့် ဓမ္မကထိက ထီလာအရှင်သုန္ဒရ ဆရာတော်က တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် စာအောင်ဆုနှင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်/ပြန်ဆက်)

အုတ်တွင်းမြို့ လူသတ်မှုတရားခံများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အုတ်တွင်းမြို့ ပဲခူးလမ်း (တောင်ပိုင်းရပ်ကွက်)၌ ဇန်နဝါရီ ၂၂ရက်ည ၉နာရီတွင် သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့သည်။ အသတ်ခံရသူများမှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ နေထိုင်ကြသော မြို့နယ်ဦးစီးမှူး ဒေါ်လှလှဝေ (၄၇)နှစ် (အဘ) ဦးအုန်းကြိုင်၊ ဒေါ်ကြည်အေး (၄၂)နှစ် (အဘ) ဦးပေါ်ကြိုင်နှင့် မအိအိငြိမ်း (၉)နှစ် (အဘ) ဦးတူးတို့ သုံးဦးဖြစ်သည်။

စုံစမ်းစစ်ဆေးချက်များအရ ဖေဖော်ဝါရီ ၃ ရက်တွင် တရားခံ မောင်ဇော်(ခ) သန်းဇော် (၂၆)နှစ် (အဘ) ဦးစံလှိုင် ဗိုလ်ဥက္ကာလမ်း (၄၀)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့နေသူအားလည်းကောင်း၊ ဖေဖော်ဝါရီ ၅ရက်တွင် တရားခံများဖြစ်ကြသော ဖိုးထောင်(ခ) ကျော်မင်းထွန်း(ခ)အေးဇော်မင်း (၂၉)နှစ် (အဘ) ဦးခင်သောင်းနှင့် မြင့်သိန်း (၄၆)နှစ် (အဘ) ဦးလေးမောင်တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံ မောင်ဇော်(ခ)သန်းဇော်သည် ဖျာပုံမြို့နယ်တွင် လူသတ်မှုဖြင့် ထောင်ကျဖူးသူဖြစ်ကြောင်း သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်များအရ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါ်လှလှဝေသည် ငွေကြေးချမ်းသာပြီး မြို့တောင်ဘက်အစွန်တွင် အမျိုးသမီးများ ချည်းသာနေထိုင်သဖြင့် လုယက်ရန် ကြံစည်ခဲ့ကြကြောင်း၊ အခင်းဖြစ်ညတွင် ဒေါ်လှလှဝေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့ရာ ဧည့်ခန်း၌ ရုပ်မြင်သံကြားထိုင်ကြည့်နေသော မိန်းမသား သုံးဦးအနက်မှ ဒေါ်လှလှဝေနှင့် ဒေါ်ကြည်အေးတို့က "သူခိုး သူခိုး"ဟု အော်ဟစ်ခဲ့သဖြင့် ဖိုးထောင်က ဒေါ်လှလှဝေအားလည်းကောင်း၊ မောင်ဇော် (ခ) သန်းဇော်က ဒေါ်ကြည်အေးအားလည်းကောင်း အသင့်ယူဆောင်လာသော ဓားရှည်များဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ကြကြောင်း၊ ထို့အပြင် အော်ဟစ်ထွက်ပြေးခဲ့သော မအိအိငြိမ်းအား ဖိုးထောင်က နောက်မှလိုက်၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မတော်လောဘဖြင့် ပစ္စည်းလုယက်ရန် ကြံစည်ရာမှ ဖြစ်ပွားပေါ်ပေါက်ခဲ့သော အုတ်တွင်းမြို့ သုံးလောင်းပြိုင်လူသတ်မှုဖြစ်စဉ်တွင် ပြည်သူလူထုက သဲလွန်စများကို သတင်းပေးဖော်ထုတ် ကူညီမှုကြောင့် တရားခံများအား ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း၌ တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းသို့ ဆက်လက်သယ်ဆောင်

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၁

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော် သယ်ယူရေးအစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း စင်မြင့်၌ တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်၍လည်းကောင်း သယ်ဆောင်ကာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ပြည်ထောင်စုအလံတော်အား ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း၌ ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနခွဲမှူး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နံနက် ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ဂျိုးဖြူအားကစားပြိုင်ကွင်းမုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် တိုက်ကြီးမြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်သို့ ပြည်လမ်းအတိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ် မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့ကို ဖြတ်သန်း၍ သယ်ဆောင်ကြရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ထောင်ပေါင်းများစွာသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင် ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ စည်တော် ရှမ်းလည်းကောင်း၊ ဘင်ခရာများတီးမှုတ်၍ လည်းကောင်း၊ ပန်းဖွားအကများက၍ လည်းကောင်း၊ နိုင်ငံတော်အလံများလွှင့်ထူ၍လည်းကောင်း၊ ရောင်စုံအလံများ စိုက်ထူ၍လည်းကောင်း၊ "(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာကြိုဆိုပါ၏"စာတန်းပါ လမ်းဖြတ်ကြိုဆိုရေးစာတန်းများဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစား ကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအလံတော်ကို ခမ်းနားထည်ဝါစွာ သယ်ဆောင်လာသော ပြည်ထောင်စုလှေသည် နံနက် ၉နာရီ ၁၅မိနစ်တွင် စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ကြိုဆိုရေးမုခ်ဦးသို့ ရောက်ရှိလာရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုလှေပေါ်သို့ တက်ရောက်ကာ ပြည်ထောင်စု အလံတော်ကို အလေးပြု၍ ငွေဖလားမှနုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စု အလံတော်အား လက်ဆင့်ကမ်း သယ်ဆောင်ရန် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

အလံတော်သယ်ယူရေးအဖွဲ့တို့က စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်း၊ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း၊ ပန်းပင်ကြီးလမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်း၍ သယ်ဆောင်ကြပြီး စလင်းအားကစားကွင်း အတွင်း သတ်မှတ်နေရာအရောက်၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က နံနက် ၉နာရီ ၄၅မိနစ်တွင် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၁၃မြို့နယ်တို့မှ ပြည်သူလူထုကြီးက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုအလံတော်ကို အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ တစ်ညတာရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လာရောက်အလေးပြုကြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး အစီအစဉ်အရ ပြည်ထောင်စုအလံတော် တစ်ညတာညအိပ်ရပ်နားရာ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ဝန်ကြီးဌာနများမှ ပညာပေးပြခန်းများ၊ အရောင်းဆိုင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပညာပေးပြခန်းများနှင့် အရောင်းဆိုင်များကို ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုအလံတော် တစ်ညတာညအိပ်ရပ်နားရာ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မော်ကွန်းရုပ်ရှင်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ မြဝတီအငြိမ့်တို့ဖြင့်လည်းကောင်း ပြည်သူများအား ဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ

ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင်-

"တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧကခုနစ်သန်း စိုက်ပျိုးရန်"

လမ်းညွှန် မှာကြားခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင်များသည် ရှေးယခင်ကာလများကတည်းက ရပ်ရွာဒေသဝန်းကျင်များတွင် မည်သူမျှ ဂရုတစိုက်ပြုစု ပျိုးထောင်ခြင်းမရှိဘဲ အလေ့ကျ ပေါက်ရောက်နေသော အပင်များဖြစ်သည်။ ယင်းတို့၏ အကျိုးသက်ရောက်မှုကို ယခင်က စနစ်တကျ လေ့လာခဲ့ခြင်းမရှိ၍ သာမန်အပင်အဖြစ်သာ ဒေသခံပြည်သူများက အမှုမဲ့အမှတ်မဲ့ သဘောထားခဲ့ကြသည်။

မြန်မာ့မြေတွင်ရှင်သန်ဖြစ်ထွန်း

နိုင်ငံအတွက်၊ ဒေသအတွက်နှင့် တိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ် အကျိုးပြုသော ခြံစည်းရိုး ကြက်ဆူပင်များသည် မူလကတည်းက မြန်မာနိုင်ငံ၏ ရေ၊ မြေသဘာဝနှင့် ကိုက်ညီသည့် အပင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့ပြီး စွတ်စိုသော သမပိုင်းဒေသဖြစ်သည့် မြန်မာ့မြေတွင် ကောင်းစွာ ရှင်သန် ဖြစ်ထွန်းသည်။

အဖိုးတန်အကျိုးများသည့် ခြံစည်းရိုးကြက်ဆူပင်များကို မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ယာမြေ၊ နေအိမ်၊ ကျေးရွာများ၌ ခြံစည်းရိုးအပင်များအဖြစ်သာ စိုက်ပျိုးခဲ့ရာမှ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)များ ထုတ်လုပ်နိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသအနှံ့တွင် အင်တိုက်အားတိုက် စိုက်ပျိုးနေကြပြီဖြစ်သည်။

စိုက်ဧကပြည့်မီကျော်လွန်ရေး

နိုင်ငံတစ်ဝန်းတွင် မည်သည့် ဒေသတွင်မဆို စိုက်ပျိုးရန်လွယ်ကူခြင်း၊ ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းတို့ကြောင့် ပြည်နယ်နှင့်တိုင်းအလိုက် သတ်မှတ်စိုက်ဧကပြည့်မီကျော်လွန်ရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ စိုက်ကွက်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်း စသည်ဖြင့် စိုက်ဧက သန်းပေါင်းများစွာ ဖြစ်ထွန်းလာမည်ဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်တွင် လူမှုရေးအဖွဲ့အစည်းများ ကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြစဉ်။

သာဓကအားဖြင့် မန္တလေးတိုင်း ညောင်ဦးခရိုင် တစ်ခုတည်းတွင် ယခင်ကတည်းက အပင်ပေါင်း ငါးသိန်းခန့် ပေါက်ရောက်လျက်ရှိပြီး ယင်းမှ မျိုးကိုင်း ၂၉၅၀၀၀၀ ထပ်မံရရှိမည်ဖြစ်ရာ စိုက်ဧက သုံးသောင်း ထပ်မံ ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။

ဆွမ်းဆက်ကပ် လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ကြက်ဆူပင်ပျိုးပွဲတော်နှင့် ကျိုင်းတောင်းမြို့ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအခမ်းအနားတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့သို့ရောက်ရှိပြီး ဒေသအတွင်း ဆောင်ရွက်သည့် ကြက်ဆူပင်ပျိုးပွဲတော်များကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း၌ကျင်းပသည့် ဇီဝလောင်စာ ကြက်ဆူဆီဖြင့် စက်ကိရိယာများ မောင်းနှင်သရုပ်ပြပွဲနှင့် ကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်ပြီး ပျိုးထောင်ရန် စုဆောင်းထားသည့် ကြက်ဆူမျိုးစေ့များ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်(လေ) မိသားစုများ၏ ကြက်ဆူပင် စိုက်ခင်း၌ ကြက်ဆူပင် အမှတ်တရ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

☆ **မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည့် အချိန်ကာလများတွင် မြန်မာနိုင်ငံသည် အာရှဒေသတစ်ခွင်၌ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝဖြင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။** (ခေါင်းကြီး၊ စာမျက်နှာ-၂)

☆ **တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုစိတ်ဓာတ်၏ စွမ်းပကားကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထူးခြားစွာရရှိခဲ့သည်။**
တက္ကသိုလ်တင်ခ၏ **"ထာဝစဉ်ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်"** (ဆောင်းပါး၊ စာမျက်နှာ-၈)

☆ **ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်ရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ပေသည်။**
တက္ကသိုလ်မောင်သုလှိုင်၏ **"ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ကျေပွန် ဒို့တာဝန်အရေးသုံးပါး အမျိုးသားရေးတာဝန်"** (ဆောင်းပါး၊ အချပ်ပို)

☆ ခွန်ရဲသွေး(အေးသာယာ)၏ **"ပြည်ထောင်စု၏ မိုးကောင်းကင်"** (ကဗျာ၊ အချပ်ပို)

☆ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မွန်ပြည်နယ်** (သတင်းဆောင်းပါး၊ စာမျက်နှာ-၉)

ထူးခြားသည့် ညအပူချိန်

(၁၁-၂-၂၀၀၆)

ဟားခါး

၂ ဒီဂရီစင်တီဂရိတ်